ဘဒ္ဒန္တကုဏ္ဍောဘာသ မထေရ်မြတ် (အနိစ္စဆရာတော်)

# ကုသိုလ်ဟိတ်အကြောင်း တရားတော်

၉ ၊ ၃ ၊ ၂၀၁၁

**အလောဘ, အဒေါသ, အမောဟ**–သိတယ်နော် (သိပါတယ်ဘုရား)၊ အလောဘတို့ဆိုတာ ကုသိုလ်လို့ခေါ်တယ်၊ ဘာလို့ခေါ်(ကုသိုလ်လို့ခေါ်ပါတယ်ဘုရား)၊ ဘာကုသိုလ်တုံးဆိုတော့–**ဟိတ်ကုသိုလ်**၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ ကုသလဟိတ်, သဟိတ်လို့ခေါ်တယ်ပေါ့၊ **ဟိတ်**–ဟိတ်တွေ ဟန်တွေနဲ့ပေါ့၊ သူက ဟိတ်တွေ ဟန်တွေ၊ အဲဒါ– **သဟိတ်**၊ ဟိတ်ကိုခေါ်တယ်၊ ဒီပြင့်ကုသိုလ်တွေနဲ့ မတူဘူး၊ **အလောဘ, အဒေါသ, အမောဟ**–အဲဒါ **'အလောဘ'**က မငြိကပ်တာခေါ်တာပေါ့၊ **'အဒေါသ'**က မပြစ်မှားဘူး၊ စိတ်မဆိုးဘူး၊ **'အမောဟ'**က မတွေဝေဘူး, သိတယ်, ဉာဏ်ရှိတယ်ပေါ့၊ အမောဟကဉာဏ်ရှိတယ်၊ အဲဒါ **'ဟိတ်ကုသိုလ်'**နော်။

အဲဒီကုသိုလ်ကြောင့်ဘာဖြစ်သတုံးတဲ့၊ ဒကာမကြီးတို့က ဘာဖြစ်မယ်ထင်တုံး–**'နာမ်ခန္ဓာလေးပါး'** ဖြစ်တယ်တဲ့၊ ဘာဖြစ်သတုံး(နာမ်ခန္ဓာလေးပါးဖြစ်ပါတယ်ဘုရား)၊ နာမ်ခန္ဓာလေးပါးဆိုတာကဘာတုံး (ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာပါဘုရား)၊ အဲဒါခန္ဓာ၊ ခန္ဓာကို ခန္ဓာလို့ပဲဟောတယ်၊ အစုအဖွဲ့ခေါ်တယ်၊

ခန္ဓာတကွဇာတိခေါ်တယ်၊ အစုအဖွဲ့ပဲ၊ ဟိုဟာကကုသိုလ်–**ဟိတ်ကုသိုလ်၊** ကုသိုလ်တော့ကုသိုလ်ချင်းပဲ၊ ကုသိုလ်ချင်းပေမယ့် ဒီက–**ခန္ဓာကုသိုလ်,** ဟိုဟာကဘာတုံး (ဟိတ်ကုသိုလ်ပါဘုရား)၊ အေး အဲလိုခွဲရတယ်၊ သူတို့က စေတသိက်တွေပဲ။

အလောဘ, အဒေါသ, အမောဟက–**ဟိတ်ကုသိုလ်**၊ ဘာကုသိုလ်(ဟိတ်ကုသိုလ်ပါဘုရား)၊ သူကဟိတ်ဟန်ရှိတယ်ပေါ့၊ ဟိတ်ကုသိုလ်ပဲ၊ ဟိုဟာက–**ခန္ဓာကုသိုလ်**၊ ဘာကုသိုလ်တုံး (ခန္ဓာကုသိုလ်ပါဘုရား)၊ ခန္ဓာကုသိုလ်ကဘယ်ဟာတုံး (နာမ်ခန္ဓာလေးပါးပါဘုရား)၊ နာမ်ခန္ဓာလေးပါးက ဘယ်ဟာတုံး(ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာပါဘုရား)၊ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ပေါ့၊ ဟုတ်ကဲ့လား၊ ဆိုလိုက်စမ်း (ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်)၊ အဲဒီဟာတွေလည်း နာမ်ပဲ၊ နာမ်ဆိုတာက စေတသိက်ပဲ၊ သူကခန္ဓာတဲ့၊ သူ့ကျဘာခေါ်လဲ(ခန္ဓာပါဘုရား)၊ အေး ခန္ဓာခေါ်တယ်၊ ခန္ဓာဆိုတာ စုတာတဲ့၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ ဟိုက အလောဘ, အဒေါသ, အမောဟက ဘာကုသိုလ်တုံး (ဟိတ်ကုသိုလ်ပါဘုရား)။

ဒကာမကြီးတို့ အခုဝေဒနာရှိတယ်နော်၊ သညာရော ရှိတယ်နော်၊ ဘုရားသွားဦးမှ, တရားနာသွားဦးမှ၊ မရှိဘူး

လား(ရှိပါတယ်ဘုရား)၊ အဲဒါဘာတုံး–**သညာ**၊ သညာလေကွယ်၊ မဟုတ်ဘူးလား၊ အမေကိုကန်တော့ဦးမှ, ဆရာကိုကန်တော့ဦးမှ၊ အဲလိုဟာတွေပေါ့၊ အဲဒါဘာတွေတုံး (သညာပါဘုရား)၊ **သညာက္ခန္ဓာ**–ဘာတုံး (သညာက္ခန္ဓာပါဘုရား)၊ သူလည်းကုသိုလ်ပဲ။

အလောဘ, အဒေါသ, အမောဟ၊ အလောဘက မငြိကပ်ဘူး၊ အဲဒါကဟိတ်ကုသိုလ်တဲ့၊ ဘာကုသိုလ် (ဟိတ်ကုသိုလ်ပါဘုရား)၊ ဟိုဟာကဘာကုသိုလ်တုံး (ခန္ဓာကုသိုလ်ပါဘုရား)၊ ကုသိုလ် ကုသိုလ်ချင်းပဲနော်၊ အဲဒါကို ပါဠိရှိတာက–**ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော**၊ အဲဒါကို အဲဒီလိုပြောတာ၊ အဲဒီဟာက မာဂဓတိုင်းသားတွေပြောတာ၊ မြတ်စွာဘုရားကလည်း မာဂဓတိုင်းသားမို့၊ တို့မြန်မာတွေကတော့ အဲသလိုနားလည်ရမယ်၊ **'ကုသလော'** ဆိုတော့ ကုသိုလ်၊ ဟိုလိုပဲ ကုသိုလ်၊ မြန်မာစကားဖြစ်နေတာ၊ ကုသိုလ်လို့ပဲဖြစ်နေတယ်၊ ဟိုဟာတွေကလည်း ဝေဒနာ, သညာတို့ပဲဖြစ်နေတာ၊ အဲဒါ မာဂဓစကားတွေပေါ့၊ အခုတော့ ပါဠိလို့သုံးတာပေါ့၊ စကားပါပဲ။

**ကုသိုလ်တရားက ကုသိုလ်တရားကို ဟိတ်တရားဖြင့် ကျေးဇူးပြုပါသလား**–တဲ့၊ ဟိတ်တရားဖြင့် ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏ တဲ့၊ အဘယ်ကဲ့သို့

ပြုပါသနည်းတဲ့၊ မေးပြီးတော့ တက်တာပေါ့၊ conjun ction တဲ့၊ အင်္ဂလိပ်လိုကျတော့ အဲသလိုခေါ်တာပေါ့၊ သူသွား၏–ဘယ်လိုသွားတုံး၊ အမေးကပေါ်လာတယ်၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ အဲဒါကို–ဇ၀ါဒပနာ နည်းပုစ္ဆာလောမှာ အာဘောဂနဲ့၊ မန္တလေးကျတော့ အဲလိုဟာမျိုးနဲ့ သင်ပေးတယ်၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ ဟိတ်ကုသိုလ်နဲ့, ခန္ဓာကုသိုလ်ကွဲပြီလား (ကွဲပါပြီဘုရား)။

**ကုသိုလ်ဘယ်နှစ်မျိုးရှိတုံး** (နှစ်မျိုးရှိပါတယ်ဘုရား)၊ အရင်တုန်းကတော့ တစ်မျိုးတည်း၊ ကုသိုလ်ပဲ သိတယ်၊ ဘာကုသိုလ်မှန်း ညာကုသိုလ်မှန်းလည်းမသိဘူး၊ ဟိတ်ကုသိုလ်နဲ့, ဘာကုသိုလ်တုံး (ခန္ဓာကုသိုလ်ပါဘုရား)၊ **'ခန္ဓာကုသိုလ်'က**–ဝေဒနာ, သညာ, သင်္ခါရ, စေတနာ လည်းပါတာပေါ့, ဝိညာဏ်ရောပါတယ်၊ အဲဒါမှတ်ထားနော်၊ ဝိညာဏ်ရောပါတယ်နော်။

**စိတ္တသမုဋ္ဌာနာနံ ရူပါနံ**–ဆိုစမ်း(စိတ္တသမုဋ္ဌာနာနံ ရူပါနံ)၊ **စိတ်ကြောင့်ဖြစ်တဲ့ရုပ်**–ကုသိုလ်စိတ်ကြောင့်ဖြစ်တဲ့ ရုပ်ပေါ့၊ ဘုရားဝတ်ချတယ်, တရားနာလာတယ်, ဘုရားပန်း လည်းပူဇော်တယ်, ဆန်ပြုတ်အိုးလေးမွှေတယ်, ပန်းကန်ထဲ ထည့်တယ်ဆိုတဲ့ဟာတွေ၊ ဘာတွေတုံး–**စိတ္တသမုဋ္ဌာနရုပ်**၊ ဘာတွေတုံး (စိတ္တသမုဋ္ဌာနရုပ်ပါဘုရား)၊ ရုပ်ကကုသိုလ်လား, အကုသိုလ်လား(မဟုတ်ပါဘုရား)၊ ကုသိုလ်လို့လည်း

မဟောဘူးတဲ့, အကုသိုလ်လို့လည်း မဟောဘူး–**'အဗျာကတ'**တဲ့၊ ဘာခေါ်(အဗျာကတပါဘုရား) စိတ်ကြောင့်ဖြစ်တဲ့ရုပ်က **'အဗျာကတ'**တဲ့။

မျက်ခုံးလေးတွေ ဟိုလှုပ်ဒီလှုပ် မလုပ်ဘူးလား (လုပ်ပါတယ်ဘုရား)၊ အဲဒါဘာတွေတုံး–**စိတ္တသမုဋ္ဌာနရုပ်**၊ ဘာတွေတုံး (စိတ္တသမုဋ္ဌာနရုပ်ပါဘုရား)၊ မျက်တောင်မခတ်ဘူးလား(ခတ်ပါတယ်ဘုရား)၊ စကားလည်းမပြောဘူးလား (ပြောပါတယ်ဘုရား)၊ အဲဒါဘာတွေတုံး (စိတ္တသမုဋ္ဌာနရုပ်ပါဘုရား)၊ ရုပ်ဟာကုသိုလ်လား, အကုသိုလ်လား (အဗျာကတပါဘုရား)၊ အဲလိုမှတ်ထား– **ကိုယ့်ကိုယ်ကိုကြီး**၊ မဟုတ်ဘူးလား ၊ ကိုယ့်ကိုယ်ကိုကြီးကဘာတုံး (အဗျာကတကြီးပါဘုရား)၊ ရုပ်က–**အဗျာကတကြီး**၊**'အဟေတုကံ သပ္ပစ္စယံ သာသဝံ သခ်တံ'**ဆိုတာ ရုပ်တွေခေါ်တယ်၊ **အနာရမဏာံ** –အာရုံမပြုတတ်ဘူး၊ လက်လှုပ်တာတွေ, ဆွမ်းဟင်းမွှေတာတို့ဘာတို့, ကုသိုလ်တွေ သိတယ်မို့လား (သိပါတယ်ဘုရား)။

**ခန္ဓာကုသိုလ်, ဟိတ်ကုသိုလ်–သဟိတ်ကုသိုလ်**၊ အလောဘ, အဒေါသတို့နဲ့ သွားတော့မယ်ဆိုရင်၊ အလောဘ, အဒေါသက အာရုံကို မငြိကပ်ဘူး၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ အာရုံငါးပါး မငြိကပ်ဘဲနဲ့ တစ်ခါတည်း ဆွမ်းတွေလာလှူတယ်, တရားနာလာတယ်, ဘုရားဖူး–

ကျိုက်ထီးရိုးတို့ ဘာတို့သွားတယ်ဆိုတာက ဘာတွေတုံး– **ကုသလော ဓမ္မော**၊ ဆိုစမ်း( ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတု ပစ္စယေန ပစ္စယော)၊ အဲဒီလိုမေးတာ၊ မေးတာကို ပဥှာခေါ်တယ်၊ မလိန္ဒပဥှာ။

ဘယ်သူကမေးသတုံး( မြတ်စွာဘုရားကမေးပါတယ်ဘုရား)၊ မြတ်စွာဘုရားကသူ့ဟာသူမေးပြီး သူ့ဟာသူဖြေတယ်၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ အဲဒါမျိုး၊ **ကုသိုလ်တရားသည် ကုသိုလ်တရားအား ဟိတ်တရားဖြင့် ကျေးဇူးပြုပါသလား**–တဲ့၊ အဲဒါလေးတွေ စဉ်းစား စဉ်းစားပေး၊ ပါဠိကိုမသိတော့ မစဉ်းစားပဲဖြစ်ဖြစ်နေတော့တယ်၊ ဉာဏ်က ဟိုကိုဆိုက်ဆိုက်သွားတတ်တယ်၊ ဒီလိုစဉ်းစားတော့မဆိုက်ဘူး၊ ဝေဖန်တယ် ခေါ်တယ်၊ ဘာခေါ်တုံး(ဝေဖန်တယ်ခေါ်ပါတယ်ဘုရား)၊ ဝေဖန်တော့မှားမလား, မမှားဘူးလား(မမှားပါဘူးဘုရား)၊ မမှားဘူး၊ အဲလိုဝေဖန်ရတယ်။

ကုသိုလ်ကဘယ်သူတုံးဆိုတော့**'ငါ'**ပါသလား (မပါပါဘူးဘုရား) **'ငါ့ကုသိုလ်'**လို့မလုပ်ရဘူး၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ ဟိုဟာက **'ဒါနံ ဒတွာ တံ အဿာဒေတိ အဘိနန္ဒတိ'**နဲ့ အကုသိုလ်တွေဖြစ်ဖြစ်သွားတတ်တယ်၊ အဲဒါနောက်ကျလာလိမ့်မယ်၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ ဒါနဆိုတာ ဘယ်လိုဟာခေါ်တုံး ဆိုတာတွေလည်းလာ

လိမ့်မယ်၊ ဒါနကိုလည်း ဒကာမကြီးတို့က ကုသိုလ်ပဲ လို့သိတာပဲ၊ ဟုတ်ကဲ့လား အဲဒါဘာကြောင့် ဖြစ်သလဲ မသိဘူး၊ ဥပနိဿယကျတော့ –**သဒ္ဓံ ဥပနိဿာယဒါနံ ဒေတိ**၊ ဒီလိုလာတာ၊ သဒ္ဓါတရားကို အကြောင်းပြုပြီး တော့ ဒါနဖြစ်တယ်တဲ့၊ အဲလို အကြောင်းတွေ အကျိုးတွေ လာလိမ့်မယ်နော်။

အကြောင်းတွေအကျိုးတွေလာတော့ ကိုယ့်မှာ ဒိဋ္ဌိ ဝိစိကိစ္ဆာ မကင်းဘူးလား, ကင်းသလား (ကင်းပါတယ် ဘုရား)၊ ဒိဋ္ဌိဝိစိကိစ္ဆာ ကင်းလိုက်လို့ရှိရင် နောက်ဒီ့ပြင် ဝိပဿနာတွေက အကုန်သွားတယ်၊ အနိစ္စဒုက္ခတွေက လည်း လာလိမ့်ဦးမယ်၊ **ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော**–ဘာတွေတုံး (ကုသိုလ်ကို အနိစ္စ ဒုက္ခ အနတ္တလို့ ရှုပါတယ်ဘုရား)၊ အဲဒါ ကုသိုလ်ကုသိုလ်ချင်း၊ ‘**ကုသလံ**’က ဒါနကုသိုလ်, သီလကုသိုလ်တွေရှိမယ်၊ အဲဒါကို အနိစ္စ ဒုက္ခ အနတ္တဖြင့်, **ဝိပဿတိ**–ရှုတယ်တဲ့၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)။

ကုသိုလ်ဆိုတော့ ဘာဖြစ်သွားတုံး–‘**ကံ**’ ဖြစ်သွား တယ်၊ ကုသိုလ်ဆိုတော့ ဘာဖြစ်သွားတုံး (ကံဖြစ်သွားပါ တယ်ဘုရား) ဘာကံတုံးဆိုတော့–မနောကံတို့, စိတ္တဇရုပ် ပါတော့ ကာယကံတွေ, ပါးစပ်ကပြောတော့ ဝစီကံတွေ မပါဘူးလား (ပါပါတယ်ဘုရား)၊ ကံတွေလည်း ပါတယ်၊

ပြီးတော့ နာမ်ခန္ဓာတွေလည်း မပါဘူးလား (ပါပါတယ် ဘုရား)၊ ဒီတော့ သတ္တဝါဖြစ်မသွားဘူးလား (ဖြစ်သွားပါ တယ်ဘုရား)၊ အနိစ္စ ဒုက္ခ အနတ္တ လုပ်လိုက်တော့ သတ္တဝါ ဖြစ်သေးလား (မဖြစ်တော့ပါဘူးဘုရား)၊ ဘယ်ရောက်သွား တုံးဆိုရင် နိဗ္ဗာန်ရောက်သွားတယ်၊ အဲဒီလိုဟာမျိုးတွေ၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ အကြံကောင်းဉာဏ်ကောင်း တွေ၊ ဟုတ်ကဲ့လား၊ အဲလိုမှတ်ထားနော်။

ကုသိုလ်တရားသည် ကုသိုလ်တရားအား–**'သည်'** က ကတ္တား၊ **'အား'**ဆိုတာက သမ္ပဒါန်ခေါ်တယ်၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ ဟိတ်တရားဖြင့် ကျေးဇူးပြုပါ သလားတဲ့၊ ကုသိုလ်တရားသည် ကုသိုလ်တရားအား ဟိတ် တရားဖြင့် ကျေးဇူးပြုပါသလား–ကဲ ဒီပုစ္ဆာ ဘယ်သူထွက်တုံး ဆိုရင် ဘုရားထွက်တတ်တယ်၊ ဒကာမကြီးတို့ မထွက်တတ် ဘူး၊ ဟုတ်ကဲ့လား၊ ကုသိုလ်–ကုသိုလ်ချင်းချင်း ဟိတ်နဲ့ ခွဲလိုက်တာ။

**'ကုသိုလ်'**က အလောဘ, အဒေါသ, အမောဟ ဟိတ်၊ **'နာမ်ခန္ဓာ'**က ခန္ဓာ–ခန္ဓာကုသိုလ်၊ ကုသိုလ်ခန္ဓာ ပေါ့၊ ဟိုဟာကမေးတယ်ဆိုပါတော့၊ မဟုတ်ဘူးလား (မှန်ပါ့ ဘုရား)၊ **ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော**–အဲဒါ **'ကု–ကု–ဟေ'**လို့ ဆိုလိုက်ရင် ဖြစ်သွားတာပဲ၊ ဘယ်လိုမှတ်တယ် (ကု–ကု–

ဟေ ပါဘုရား)၊ အဲဒီလို၊ အဲဒါ မေးတာတွေပဲ၊ **'ကု'**က ကုသလောဓမ္မော၊ ဘာရတုံး (ကုသလော ဓမ္မော ရပါတယ် ဘုရား)၊ နောက် **'ကု'** ကကော (ကုသလဿ ဓမ္မဿ)၊ အဲဒီထဲမှာ **'ဓမ္မဿ'** ပါတယ်နော်၊ **ဓမ္မဿ**–သဘော တရားအား၊ **'ကုသိုလ်'** ဆိုတာ သဘောတရားပဲ၊ **'ကုသိုလ်'** ဆိုတာ ဘာတရားတုံး (သဘောတရားပါဘုရား)၊ **'သဘော'** ဆိုတာ သဘာဝပဲ၊ မဟုတ်ဘူးလား (မှန်ပါ့ဘုရား)။

ကဲ ဒကာမကြီးတို့ စင်မနေဘူးလား (စင်နေပါတယ် ဘုရား)၊ ငါ ဆန်ပြုတ်ချက်တယ်, ဘယ်သူက ဘာလှူတယ် ညာလှူတယ်, ငါတွေဘာတွေ မပါနေဘူးလား (ပါနေပါ တယ်ဘုရား)၊ အဲလိုဟာတွေ ဂရုစိုက်၊ ဒါ **'အကြောင်း အကျိုး'** ပဲ၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)။

**ကု–ကု–ဟေ**–ဆိုလိုက်စမ်း (ကု–ကု–ဟေ)၊ အဲဒါ ကို ပါဠိလို စဉ်လိုက်စမ်း (ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော)၊ အဲဒါရဲ့ မြန်မာလို ကကော (ကုသိုလ်တရားသည် ကုသိုလ်တရားအား ဟိတ် တရားဖြင့် ကျေးဇူးပြုပါသလား)၊ ကျေးဇူးပြုပါသလား, ကျေးဇူးပြုပါသည်တဲ့၊ မဟုတ်ဘူးလား၊ အဲလိုမေးတဲ့ဟာ ပါပဲ။

**ကု–ဟေ–သံ–ခန်–ဟေ**–အဲဒါလေးမှတ်ထား၊ အရှည်ကြီးဖြစ်သွားလိမ့်မှာစိုးလို့၊ **ကု–ဟေ–သံ–ခန်–ဟေ**–

အဲဒါကဖြေတာ၊ ဒါ ဘာမှမခက်ဘူး၊ **ကု–ဟေ–'ကု'**က ကုသလာ၊ **'ဟေ'**က ဟေတူ၊ ဟိတ်ဖြစ်တဲ့ကုသိုလ်တွေတဲ့၊ အလောဘ, အဒေါသ,အမောဟ ပြောတယ်၊ ဒို့ပြင်ဟာ မပြောဘူး၊ ဒကာမကြီးတို့– **ကုသိုလ်ဆိုတာ ဘယ်နှစ်ခု ရှိတုံး၊** သုံးခုတည်းရှိတယ်–**အလောဘ, အဒေါသ, အမောဟ၊ 'အလောဘ'**က ဒါနရတယ်၊ **'အဒေါသ'**က မေတ္တာရတယ်၊ **'အမောဟ'**က အနိစ္စ ဒုက္ခရတယ်၊ ဒါပဲ၊ ဘာမှမခက်ဘူး။

မြတ်စွာဘုရားက အဲဒါဉာဏ်၊ သူက ဘုရားဖြစ်ပြီး တော့ အဲဒီလို ဉာဏ်တွေထုတ်တာ၊ ရှင်သာရိပုတ္တရာရဲ့ တပည့်တွေလည်း အဲဒီဉာဏ်တွေနဲ့ပဲ ရဟန္တာဖြစ်ကုန်တယ်၊ အဲဒီတရားကိုနာရတဲ့ လင်းနို့တွေကလည်း လူတွေဖြစ်သွား တယ်၊ ရိပ်မိပြီလား (ရိပ်မိပါပြီဘုရား)၊ ရှေးတုန်းကဟာတွေ ပြောပါတယ်၊ အဲဒီလို **'ကု'**က–ကုသလာ,**'ဟေ'**က– ဟေတူ, ကုသိုလ်ဟိတ်လို့ပြောတာနဲ့ပဲ။

**ကုသလာ**–ကုသိုလ်ဖြစ်ကုန်သော၊ **ဟေတူ**–ဟိတ် တရားတို့သည်၊ **'ဟိတ်တရား'** ဆိုတာ ဘယ်ဟာတုံး (အလောဘ, အဒေါသ, အမောဟပါဘုရား)၊ အဲဒါ **'ကုသိုလ်ဟိတ်'** ခေါ်တယ်၊ **'ဟိတ်ကုသိုလ်'**လို့လည်း ခေါ်တယ်၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ ဟိတ် လို့ဆိုသဖြင့် ရုပ်ဟာ ဟိတ်မပါဘူး၊ ရိပ်မိပြီလား (ရိပ်မိပါပြီဘုရား)၊

မျက်စိတွေ, နားတွေ, နှာခေါင်းတွေ ဆိုတဲ့ ပဉ္စဝိညာဏ်ကလည်း ဟိတ်မပါဘူး၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ ဆင်ခြင်တာတွေ ဘာတွေပေါ့၊ အဟိတ်စိတ်ကလည်း ဟိတ်မပါဘူး၊ အဟိတ်စိတ်ကလည်းဘာတုံး (ဟိတ်မပါပါဘူးဘုရား)။

အာဝဇ္ဇန်းတို့, သမ္ပဋိစ္ဆိုန်းတို့, သန္တီရဏ, ဝုဋ္ဌောတို့, ဇောတို့ကျမှ ဟိတ်ပါလာတယ်၊ အဲဒီဇောတွေ မရှိရင်လည်း ရဟန္တာဖြစ်သွားတယ်၊ ရိပ်မိဖို့က–ရိပ်မိဖို့က၊ အဲဒီဟာကို အရင်ရောက်တာ၊ **'သံ'**က–သမ္ပယုတ္တကာနံ၊ **'ခန်'**က ခန္ဓာနံ၊ သမ္ပယုတ်ခန္ဓာတဲ့၊ ဘာတဲ့တုံး (သမ္ပယုတ်ခန္ဓာပါဘုရား)၊ အဓိပ္ပါယ်ကတော့ ဟိတ်ဖြစ်တဲ့ကုသိုလ်က သမ္ပယုတ်ခန္ဓာအား ဟေတုပစ္စည်းဖြင့် ကျေးဇူးပြုတယ်တဲ့, ဟိတ်ဖြင့် ကျေးဇူးပြုတယ်တဲ့။

**ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။** ။

အဲဒါ အမေးတစ်ပုဒ်, အဖြေ တစ်ပုဒ်ပဲ၊ **'သမ္ပယုတ္တခန္ဓာ'** ဆိုတာ ဘယ်ဟာရတုံး (ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ရပါတယ်ဘုရား)၊ ကုသိုလ်ဝိညာဏ်ပဲရတယ်၊ မျက်စိဝိညာဏ်မရဘူး၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ မျက်စိဝိညာဏ်က ဝိပါက်ဝိညာဏ်နော်၊ မျက်စိက ဝိပါက်ဝိညာဏ်

ဆိုတော့ မျက်စိက အကုသိုလ်မဖြစ်ဘူးဆိုရင် ဒါ နိဗ္ဗာန် ရောက်နေတာပဲ၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ မျက်စိက ဘာဝိညာဏ်တုံး (ဝိပါက်ဝိညာဏ်ပါဘုရား)၊ ဝမ်းထဲက စိတ်ဆိုးတာက–**အကုသိုလ်ဝိညာဏ်**၊ အခုဟာက စိတ်မဆိုးတာက–**ကုသိုလ်ဝိညာဏ်**၊ အဒေါသမပါဘူးလား ပါပါတယ်ဘုရား)။

မိန်းကလေးတွေမြင်တော့ ဟိုယောကျ်ားလေးတွေက သားစိတ်မယားစိတ်နဲ့ မငြိကပ်ဘူးဆိုရင် ဘာတုံး–**ကုသိုလ်ဝိညာဏ်**၊ နာမ်ခန္ဓာထဲမှာ ဝိညာဏ်မပါဘူးလား (ပါပါတယ်ဘုရား)၊ ဆိုလိုက်စမ်း (ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်)၊ မိန်းကလေး ဘာလေး လှလိုက်တာ ညားလိုက်တာနဲ့ ရာဂဖြစ်သွားပြီဆိုရင် အဲဒီသညာကို ဖောက်ပြန်သွားတတ်တဲ့ သညာခေါ်တယ်၊ ဘာသညာ (ဖောက်ပြန်သွားတတ်တဲ့သညာပါဘုရား)၊ ဖောက်ပြန်သွားတဲ့သညာက ဘာခန္ဓာတုံးဆိုရင်– **အကုသိုလ်ခန္ဓာ**၊ အကုသိုလ်ခန္ဓာ ဖြစ်သွားတယ်၊ အဲဒီလိုခွဲနေမှဖြင့် ဒို့ပြင်စိတ်တွေက မပူးတယ်၊ သို့မို့လို့ဆိုရင် ပူးတယ်၊ အဲဒါလောကမှာ ဖြစ်နေတာတွေကို ပြောနေတာပါပဲ၊ ရိပ်မိပြီလား (ရိပ်မိပါပြီဘုရား)၊ အကုန်လုံး ဝေဖန်တတ်ပြီလား (ဝေဖန်တတ်ပါပြီဘုရား)။

အဲဒါ ကုသိုလ်ရှိသေးတယ်၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ သမ္ပယုတ္တခန္ဓာကို ကုသိုလ်လို့ခေါ်တယ်၊ သမ္ပယုတ္တ

ခန္ဓာကို ဘာခေါ်တယ် (ကုသိုလ်လို့ခေါ်ပါတယ်ဘုရား)၊ ဟိုက တော့ ပြောတူပဲ၊ **ကုသလာ ဟေတူ**–ဟုတ်ကဲ့လား (မှန်ပါ့ ဘုရား)–**ဟိတ်ကုသိုလ်၊ သမ္ပယုတ္တကာနံ ခန္ဓာနံ**– သမ္ပယုတ္တခန္ဓာလို့ခေါ်တယ်နော်၊ အဲသလို မှတ်ထားနော်၊ **ကု–ဟေ–သံ–ခန်**–ဟုတ်ကဲ့လား၊ အဲလိုမှတ်ထား၊ ဘာမှ မခက်ဘူး၊ ပါးစပ်ထဲတွင် မှတ်လိုက်ရုံပဲ၊ အဲဒါ ဒကာမကြီး တို့လည်း မဟုတ်ဘူးနော်၊ **ကု–ဟေ–သံ–ခန်**–ဟုတ်ကဲ့ လား (မှန်ပါ့ဘုရား)။

**'ဝေ'**က ဝေဒနာက္ခန္ဓာ၊ အခု ခံစားမှု ဥပေက္ခာ ဝေဒနာရတယ်၊ **'သညာ'**က အခုကြည့်လိုက်တော့ ဟိုဟာ က နာရီ, ဒီဟာက စားပွဲ, ဒီဟာ ကုလားထိုင်၊ အဲဒါတွေက ဘယ်သူတုံး(သညာပါဘုရား)၊ အကုသိုလ် ဖြစ်သလား (မဖြစ် ပါဘူးဘုရား)၊ အကုသိုလ်မဖြစ်ရင်တော့ သူက သံ–ခန် ပေါ့၊ မဟုတ်ဘူးလား (မှန်ပါဘုရား)၊ သမ္ပယုတ္တခန္ဓာ၊ **ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတု ပစ္စယေန ပစ္စယော**– ဒီလိုမာဂဓလို, ပါဠိလို၊ အဲလို ပြောသွားတာ၊ ဘာမှခက်တာမဟုတ်ဘူး၊ ဒီက မြန်မာလုပ် ရတယ်၊ မဟုတ်ဘူးလား၊ နားမလည်ဘူးလား, လည်သလား (နားလည်ပါတယ်ဘုရား)၊ မှန်မှန်နားလည်သွားရင်, right understandingပေါ့၊ မဟုတ်ဘူးလား (မှန်ပါ့ဘုရား)၊ မှန်မှန် နားလည်သွားရင် ဘာမှ ဒီပြင်ဟာတွေ မဖြစ်ဘူး၊

ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ အဲလို မှတ်ထား။

ဆိုတတ်ပြီ၊ အဲဒါလေးတွေ ဟိုသွားရင်လည်း ဆိုဆိုသွား, အိမ်သွားဆို, ဈေးရောင်းသွားလည်းဆို၊ အဲဒါ ပထမတန်းဖြစ်သွားတာပေါ့။

**စိတ်ကြောင့်ဖြစ်တဲ့ရုပ်** –ဆိုစမ်း(စိတ်ကြောင့် ဖြစ်တဲ့ရုပ်)၊ ခု မျက်တောင်ခတ်တာတို့, စကားပြောတာတို့, လက်လှုပ်တာတို့, ခြေလှုပ်တာတို့, ဟင်းခွက်မွှေတာတို့, ပန်းကပ်တာတို့, ဘာတွေတုံး–**'စိတ္တသမုဋ္ဌာနရုပ်'** တဲ့၊ ဘာတဲ့တုံး (စိတ္တသမုဋ္ဌာနရုပ်ပါဘုရား)၊ အဲဒါက ပါဠိလို၊ မြန်မာလိုကျတော့ကော (စိတ်ကြောင့် ဖြစ်တဲ့ရုပ်ပါဘုရား)၊ အဲဒါပဲ၊ ကိုယ်လို့သွားမလုပ်နဲ့နော်၊ ဟို လျက်ဆားလေး လှုလိုက်တာ, ဘာလေးလှုလိုက်တာ ညာလေးလှုလိုက် တာဆိုရင် တပည့်တော်မကောင်းမှုနဲ့, ဘာမှုနဲ့, အဲလိုဟာ တွေ၊ ဆိုင်းဘုတ်ကြီးတွေကလည်း ထိုးပါဘိသနဲ့၊ အဲလို ဖြစ်သွားတယ်၊ စင်စစ်ကတော့ ဘာတဲ့တုံးဆိုတော့–**ဟိတ် ကုသိုလ်**၊ ဘာတဲ့တုံး (ဟိတ်ကုသိုလ်ပါဘုရား)၊ ဟိတ် ကုသိုလ်တဲ့၊ အဲလိုမှတ်ထား၊ အဲဒါ စိတ္တသမုဋ္ဌာနာနံ ရူပါနံ၊ သူက တစ်မျိုးနော်။

ဟိုက **'သမ္ပယုတ္တကာနံ ခန္ဓာနံ'**–ဆိုစမ်း (သမ္ပ ယုတ္တကာနံ ခန္ဓာနံ)၊ အဲဒါဘာရတုံး (နာမ်ခန္ဓာလေးပါး ရပါတယ်ဘုရား)၊ **'စိတ္တသမုဋ္ဌာနာနံ ရူပါနံ'** ကျတော့

ဘာရသတုံး– စိတ်ကြောင့်ဖြစ်တဲ့ရုပ်၊ အဲဒီထဲမှာ စိတ်, ဝိညာဏ်မပါဘူးလား (ပါပါတယ်ဘုရား)၊ ဝိညာဏ်ကို စိတ်ခေါ်တာပဲ၊ ဒို့ပြင်ဟာကို ဝေဒနာ, သညာခေါ်ပေမယ့် ဝိညာဏ်မြင်ကတော့ စိတ်ခေါ်တယ်၊ ဘာခေါ်တုံး (စိတ်ခေါ် ပါတယ်ဘုရား)၊ သူက ဆန်းကြယ်တော့ ပန်းချီဆေးသမား နဲ့ တူတယ်တဲ့။

ပန်းချီဆေးရေးတဲ့လူ မမြင်ဘူးလား၊ အရုပ်ကလေး တွေကောင်းအောင်မရေးဘူးလား (ရေးပါတယ်ဘုရား)၊ အဲဒါ စိတ်က ခြယ်လှယ်လိုက်တာ အရုပ်ဖြစ်သွားတာပဲ၊ မဖြစ်ဘူး လား, ဖြစ်သလား(ဖြစ်ပါတယ်ဘုရား)၊ ဒကာမကြီးတို့ စိတ်ကလည်း မခြယ်လှယ်ဘူးလား (ခြယ်လှယ်ပါတယ် ဘုရား)၊ အဲဒါ ဘာဖြစ်သွားတုံး (အရုပ်ဖြစ်သွားပါတယ် ဘုရား)၊ အဲဒါ ပန်းချီဆေးရေးလို မဆန်းကြယ်ဘူးလား (ဆန်းကြယ်ပါတယ်ဘုရား)၊ ဆန်းကြယ်တာ ဘာခေါ်တုံး– **'စိတ်'** လို့ခေါ်တယ်၊ စိတ်က ဟိုတွေးဒီတွေး မတွေးဘူးလား (တွေးပါတယ်ဘုရား)၊ ကာမဂုဏ်တွေ ဘယ်သူလုပ်သတုံး (စိတ်ကလုပ်ပါတယ်ဘုရား)၊ အဲဒါ မဆန်းကြယ်ဘူးလား (ဆန်းကြယ်ပါတယ်ဘုရား)၊ မလုပ်ဘဲနေရင် **'ကံ'** ဖြစ်သေး လား (မဖြစ်ပါဘူးဘုရား)၊ အဲဒီလို တစ်ခါတည်း ဉာဏ်တွေ– ဉာဏ်တွေပေါ့။

**'စိတ္တသမုဋ္ဌာနာနံ ရူပါနံ'** ဆိုတာ ရုပ်နော်၊ **'ရုပ်'**

ဆိုတာ အဗျာကတနော် (မှန်ပါ့ဘုရား)၊ ရုပ်ဆိုတာ အဗျာကတလို့ မှတ်ထား၊ သူ့ကို ဘယ်လိုတည်သလဲလို့ မေးတော့–**ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။**

အဲဒါမေးလိုက်တာပဲ၊ ကု–ဗျာ–ဟေ ပေါ့၊ ဘာတဲ့တုံး (ကု–ဗျာ–ဟေပါဘုရား)၊ ကု–ဗျာ–ဟေကို အရှည်ပြန်လိုက်စမ်း (ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော)၊ အဲဒီ ကု–ဗျာ–ဟေပဲ၊ **'ကုသိုလ်'** သိပြီလား (သိပါပြီဘုရား)၊ ဘယ်ဟာတုံး (အလောဘ, အဒေါသ, အမောဟပါဘုရား)၊ **'အဗျာကတ'** သိပြီလား (သိပါပြီဘုရား)။

**စိတ္တသမုဋ္ဌာနာနံ**–စိတ်ကြောင့် ဖြစ်ကုန်သော၊ **ရူပါနံ**– ရုပ်တို့အား၊ **ဟေတုပစ္စယေန**– ဟေတုပစ္စည်းဖြင့်၊ **ပစ္စယော**– ကျေးဇူးပြုသည်၊ **ဟောတိ**–ဖြစ်၏။

ကျေးဇူးပြုတယ်ဆိုတာ ကူညီတာကိုပြောတာပေါ့၊ **ဥပကာရကော**–ကျေးဇူးပြုတယ်,ကူညီတယ်၊ ကျေးဇူးပါပဲဗျာ– မဆိုဘူးလား (ဆိုပါတယ်ဘုရား)၊ သူ့နေရာထိုင်ခင်းလေးရဖို့ နေရာဖယ်ပေးလိုက်တော့ ကျေးဇူးမတင်ဘူးလား (ကျေးဇူးတင်ပါတယ်ဘုရား)၊ အဲဒီ ပစ္စယောပဲ၊ နေရာတိုင်းပါတယ်၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ ဒါကြောင့် ကျေးဇူးပါပဲဗျာတဲ့၊ ဒါပစ္စယောဆိုတော့၊ **ဥပကာရကော**–

ကျေးဇူးပြုတာ၊ ကျေးဇူးပြု၍ ကျွန်တော်သွားပါရစေ၊ မဟုတ်ဘူးလား၊ Let me in–ဝင်ပါရစေ၊ အဲလိုခွင့်တောင်း ရတယ် ဟုတ်ကဲ့လား၊အဲလိုဟာမျိုးတွေက လာတဲ့စကား။

**ကုသလောမေ့ော အဗျာကတသ္သ ဓမ္မသ္သ ဟေတု ပစ္စယေန ပစ္စယော**–အဲဒါနှစ်နံပါတ်ဖြစ်သွားပြီနော်၊ ဘာနံပါတ် ဖြစ်သွားပြီတုံး (နှစ်နံပါတ်ဖြစ်သွားပါပြီဘုရား)၊ နှစ်နံပါတ်ကို မေ့ဦး မလား (မမေ့တော့ပါဘူးဘုရား)၊ မမေ့ဘူး၊ ဘာဖြစ် လို့တုံးဆိုတော့ လွယ်အောင်ပြောရင် လွယ်လည်းလွယ်တယ်၊ မမေ့လည်း မမေ့ဘူး၊ ဒကာမကြီးတို့ဆိုရင် တော်တော် လုပ်ယူရမှာ။

**ကုသလာ**–ကုသိုလ်ဖြစ်ကုန်သော၊ **ဟေတူ**–ဟိတ် တရားတို့သည်၊ **စိတ္တသမုဋ္ဌာနာနံ**–စိတ်ကြောင့်ဖြစ်ကုန် သော၊ **ရူပါနံ**–ရုပ်တို့အား၊ **ဟေတုပစ္စယေန**–ဟေတုပစ္စည်းဖြင့်၊ **ပစ္စယော**–ကျေးဇူးပြုသည်၊ **ဟောတိ**–ဖြစ်သည်။

အဲဒီဟာကျတော့–**ကု–ဟေ–စိတ္တ–သ–ရူ** **'စိတ္တ–သ'**ကို ဘယ်လိုကျယ်မယ် (စိတ္တသမုဋ္ဌာနာနံ)၊ **'ရူ'**ကျတော့ ရူပါနံ၊ စိတ္တ–သ–ရူ၊ **ကု–ဟေ–စိတ္တ–သ–ရူ**–နှစ်နံပါတ် အဖြေ၊ ဟုတ်ကဲ့လား၊ **'စိတ္တ–သ'**ဆိုတာ စိတ္တသမုဋ္ဌာနာနံ ကိုပြောတာ၊ **'စိတ္တ–သ'**ကို ဘယ်လိုဆိုမယ် (စိတ္တသမုဋ္ဌာ နာနံ)၊**စိတ္တသမုဋ္ဌာနာနံ**–မြန်မာလို ဘယ်လိုဆိုမယ် (စိတ်ကြောင့် ဖြစ်ကုန်သောပါဘုရား)။

**စိတ္တသမုဋ္ဌာနာနံ**–စိတ်ကြောင့်ဖြစ်ကုန်သော၊ **ရူပါနံ**–ရုပ်တို့အား၊ **ဟေတုပစ္စယေန**–အလောဘ,အဒေါသ,အမောဟဖြင့် **ပစ္စယော**–ကျေးဇူးပြုသည်၊ **ဟောတိ**–ဖြစ်၏။

အခုစာရေးတာက ဘယ်သူတုံး (စိတ်ကြောင့်ဖြစ်တဲ့ရုပ်ပါဘုရား)၊ အေး စိတ်ကြောင့်ဖြစ်တဲ့ရုပ်၊ ကဲဘယ်သူ့ကြောင့် ဖြစ်သတုံး–**ကုသလာဟေတူ**၊ ကုသိုလ်ဟိတ်ကြောင့်, စိတ်ကြောင့် ဖြစ်တဲ့ရုပ်ပေါ့၊ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား) အဲဒီတော့ ဒကာမကြီးတို့လား (မဟုတ်ပါဘူးဘုရား)။ အဲလိုဖြစ်သွားတော့ ကဲ ပိုင်မသွားဘူးလား (ပိုင်သွားပါတယ်ဘုရား)၊ ဒိဋ္ဌိဝိစိကိစ္ဆာရှိသေးလား (မရှိတော့ပါဘူးဘုရား)၊ အဲဒီတင် သောတာပန်ဖြစ်သွားတာ၊ ရှေးတုန်းက အဲလိုဟာမျိုး၊ အခုလည်း အဲဒီလိုပိုင်သွားရင် အခုလည်း ဖြစ်တာပဲ၊ **'သူငါ'**မှ မရှိတော့ဘဲလေ၊ မဟုတ်ဘူးလား၊ ကုသိုလ်တွေ, အကုသိုလ်တွေ၊ နောက်ကျတော့ အဗျာကတတွေ။

စိတ္တသမုဋ္ဌာနာနံဆိုတာ – **အဗျာကတ**၊ ကုသိုလ် အကုသိုလ် မဟုတ်တဲ့ဟာကို **'အဗျာကတ'**လို့ခေါ်တယ်၊ **ကုသိုလ် အကုသိုလ်အားဖြင့် မဟောကြားအပ်ကုန်, တစ်ပါးသောအခြင်းအားဖြင့် ဟောကြားအပ်ကုန်သော**– အဲဒါကို အဗျာကတ လို့ခေါ်တယ်၊ **အ–အဗျာကတ**– **'အဗျာကတ'**က ဟောတာ, **'အ'**က မဟောတာ၊ ကုသိုလ်

အကုသိုလ် မဟောတာကို အဗျာကတလို့ ခေါ်တယ်၊ ဟုတ်ကဲ့လား (မှန်ပါဘုရား)။

မျက်စိတွေ, နားတွေ, နှာခေါင်းတွေက ဘာတွေတုံး (အဗျာကတပါဘုရား)၊ သူက ဟေတုထဲမပါဘူး၊ အဲဒါမှတ်ထား၊ ဒကာမကြီးတို့–ကုသိုလ်စိတ်ဆိုတာ အဲဒီမျက်စိတွေ နားတွေမှာ ဖြစ်တာမဟုတ်ဘူး၊ ဝမ်းထဲကဖြစ်တာတွေ, ဝမ်းထဲကစိတ်ကို ပြောနေတယ်၊ ဟုတ်ကဲ့လား (မှန်ပါဘုရား)၊ ဝမ်းထဲကခန္ဓာ, ဝမ်းထဲကစိတ်၊ ဝမ်းထဲစိတ်ထဲက လက်တွေလှုပ်၊ ခြေတွေလှုပ်၊ မျက်တောင်တွေခတ်၊ ပါးစပ်တွေပြော၊ အဲလိုဖြစ်ကုန်တယ်၊ အဲဒါနံပါတ်(၂)။

နံပါတ် (၁)ကဘာတုံး–(ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော)၊ အဖြေက–(ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော)။

(၂)နံပါတ်က– (ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော)၊ အဖြေက– (ကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော)။

အဲဒါတွေကို မှတ်ထားနော်၊ မမေ့နဲ့၊ အဲဒါလေးတွေ ရွတ်ရွတ်နေ, စိတ်ကူးနေနော်။

နောက်တစ်ခုကတော့ ကုသိုလ်ရော, အဗျာကတရော ဟိတ်တရားဖြင့် ကျေးဇူးပြုပါသလားတဲ့၊ ဟုတ်ကဲ့လား၊ (မှန်ပါဘုရား) **ကု–ကု–ဗျာ–ဟေ– 'ကု'**က ကုသလောဓမ္မော၊

နောက် **'ကု'**က ကုသလဿစ၊ **'ဗျာ'** က အဗျာကတဿစ၊ နှစ်ခုဆင့်တယ်၊ ဟုတ်ကဲ့လား (မှန်ပါဘုရား)၊ **ကု–ကု–ဗျာ–ဟေ**–ဒါ တတိယနံပါတ်နော်၊ လက်ဝါးလေးတွေ, ဗလာစာရွက်လေးတွေရှိတောင်ဖြစ်တဲ့ဟာတွေပါ၊ **ကု–ကု–ဗျာ–ဟေ–ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဟေတုပစ္စယေန ပစ္စယော၊** သူက တတိယ ဆိုတော့ နှစ်ဆင့်သတ်ချလာတယ်၊ ဟုတ်ကဲ့လား၊ ရတော့ ပထမနဲ့ ဒုတိယဟာ နှစ်ခုလုံးရတာကိုပြောတာပဲ၊ ဟုတ်ကဲ့လား၊ အဲလိုမှတ်ထားနော်။

**ကု–ကု–ဗျာ–ဟေ**–အဲဒါ အတိုမေးတာ၊ ရှေ့က **'ကု'**က ကုသလောဓမ္မော၊ **ကုသလဿ စ ဓမ္မဿ အဗျာကတဿ စ ဓမ္မဿ**–ရှေ့**'သ'**ကို **'သော'**လို့ ပေးရတယ်၊ ရှေ့ **'သ'**က နောက်ကို **'စ'**ထည့်ရတယ်။ အနက်ပေးတော့, **ကုသလဿ**–ကုသိုလ်ဖြစ်သော၊ **ဓမ္မဿ စ**–တရားအားလည်းကောင်း၊ **အဗျာကတဿ**–အဗျာကတ ဖြစ်သော၊ **ဓမ္မဿ စ**–တရားအား လည်းကောင်း၊ **ဟေတုပစ္စယေန**–ဟေတုပစ္စည်းဖြင့်၊ အဲလိုတွေမေးလိုက်ရုံပဲ။

ဉာဏ်တွေ မကောင်းဘူးလား, ကောင်းသလား (ကောင်းပါတယ်ဘုရား)၊ အလွတ်တောင်ရသေးတယ်၊ မရဘူလား, ရသလား (ရပါတယ်ဘုရား)၊ အဲလိုလေးဆို–**ကုသလောဓမ္မော ကုသလဿ စ အဗျာကတဿ စ**

**ဓမ္မသာ ဟေတုပစ္စယေန ပစ္စယော၊** အဲဒါ **ကု–ကု–ဗျာ–ဟေ–** ဟုတ်ကဲ့လား (မှန်ပါဘုရား)။

နောက်ဟာက–**ကုသလာဟေတူ** ရှေ့က ကုသလသာ စ ဓမ္မာသာ က **'သံ–ခန်'**၊ နောက် အဗျာကတသာ စ ဓမ္မသာက **'စိတ္တသမုဋ္ဌာနာနံ ရူပါနံ'** ဆိုရင် ပြီးသွားတာပဲ၊ ပြီးခဲ့တဲ့ဟာကို ပြန်ဟောတာ၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ အဲဒါမှာ နှစ်ခုပါတယ်၊ အရင် **'ကုသလသာ ဓမ္မသာ'**ဆိုတာက သမ္ပယုတ္တကာနံ ခန္ဓာနံ၊ ဟုတ်ကဲ့လား၊ နောက် **'အဗျာကတသာ'** ဆိုတာက–စိတ္တသမုဋ္ဌာနာနံ ရူပါနံ၊ အေး အဲသလိုသွားလိုက် ရုံပဲ၊ အဲဒါကျတော့–**ကု–ဟေ–သံ–ခန်–စိတ္တ–သ–ရူ**၊ အရင်ကဟာပဲ ပြန်လုပ်တာ၊ ဟုတ်ကဲ့လား။

**ကုသလာ ဟေတု သမ္ပယုတ္တကာနံ ခန္ဓာနံ** အဲဒါ ပထမအပုဒ်ကအဖြေ၊ နောက်ဒုတိယကျတော့ **စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော**။

နှစ်ဆင့်ဖြစ်သွားတယ်၊ ဟုတ်ကဲ့လား၊ အမေးက–**ကု–ကု–ဗျာ–ဟေ**၊ အကျယ် လုပ်လိုက်စမ်း (ကုသလော–ဓမ္မော ကုသလသာစ အဗျာကတသာ စ ဓမ္မသာ ဟေတုပစ္စယေန ပစ္စယော) အဲဒါက အမေး၊ အဖြေလုပ်လိုက် (ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော)၊ အဲဒါပဲ၊ **'သမ္ပယုတ္တခန္ဓာ'**ဆိုတာ သိပြီလား–ခန္ဓာလေးပါး၊ **'သမ္ပယုတ္တခန္ဓာ'**ဆိုတာဘာတုံး (ခန္ဓာလေးပါးပါဘုရား)။

## ကုသိုလ်ဟိတ်အကြောင်း တရားတော်

ရုပ်ကသမုဋ္ဌာန်ယုတ်ထဲမပါဘူး၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ အဲဒီလို စိတ္တသမုဋ္ဌာနရုပ်ပဲဖြစ်တယ်၊ ကမ္မသမုဋ္ဌာန, စိတ္တသမုဋ္ဌာန, ဥတုသမုဋ္ဌာနနဲ့ နောက်ကျလာလိမ့်မယ်၊ အခုကတော့ စိတ္တသမုဋ္ဌာနတစ်ခုတည်း၊ အခုခေါ်င်းလှည့်တယ်, ဘာလှည့်တယ် ညာလှည့်တယ်ကဘာတွေတုံး (စိတ္တသမုဋ္ဌာနရုပ်ပါဘုရား)၊ ညည်းနဲ့အေ, ဘာနဲ့အေနဲ့ လှမ်းပြီး စကားပြောတာဘာတွေတုံး (စိတ္တသမုဋ္ဌာန ရုပ်ပါ ဘုရား)၊ **စိတ္တသမုဋ္ဌာနရုပ်တွေ**–ဒကာမကြီးတို့ ဟုတ်ကဲ့လား (မဟုတ်ပါဘုရား)၊ အဲဒါလေးနဲ့ပဲ တော်တော်ဟန်နေပြီ၊ ကဲ သွားကြတော့။

သာဓု ... သာဓု ... သာဓု

**သတ္တဝါမရှိဟူသော အသိသည်သာလျှင် လိုရင်းဖြစ်သည်။**

**'သီရိဂေဟာ'** အီလက်ထရောနစ်မှ ရိုက်ကူးတည်းဖြတ် ပူဇော်ပါသည်။

အမှတ် ၁၈၀–၁၈၂၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတာမြို့နယ်၊

ရန်ကုန်။ ဖုန်း –၀၁–၃၇၄၈၆၈။

**မအေးမြတ်စုမှ ရေးသားပူဇော်ပါသည်။**